THE MYANMAR TIMES
& BUSINESS REVIEW

18-24 February 2005

# ယူနီဆက်ဖ် ပညာရေးစီမံကိန်းအတွက် ငွေလှူ

ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်)က မြန်မာနိုင်ငံတွင်ဆောင်ရွက်လျက်ရှိသည့် ချို့တဲ့သည့် မိသားစုများမှ ကလေးများ မူလတန်းပညာ ပြီးဆုံးသည်အထိ သင်ကြားနိုင်ရေးအတွက် ကူညီပံ့ပိုးသည့် လုပ်ငန်းစီမံကိန်းအတွက် ဂျာမနီနိုင်ငံအစိုးရက အမေရိကန်ဒေါ်လာတစ်သန်းလှူဒါန်းကြောင်း သိရသည်။

အဆိုပါထောက်ပံ့ငွေကို ယူနီဆက်ဖ် သို့ ဖေဖော်ဝါရီလ ၄ ရက်နေ့က လွှဲပြောင်းပေးခဲ့ကြောင်း အဆိုပါနေ့က ရန်ကုန်ရှိ ဂျာမန်သံရုံးမှ ထုတ်ပြန်ခဲ့သည့် သတင်းထုတ်ပြန်ချက် တစ်စောင်တွင်ဖော်ပြသည်။

ယူနီဆက်ဖ်၏ အဆိုပါ စီမံကိန်းကို ၁၉၉၄ ခုနှစ်က စတင်ခဲ့ပြီးကလေးများအား မူလတန်း ပညာရေး၏ ပထမ နှစ်နှစ်ကို ဆုံးခန်းတိုင်အောင် သင်ကြားစေနိုင်ရန် အကူအညီ ပေးလျက်ရှိကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်တွင်ဖော်ပြသည်။

ထိုသို့မူလတန်းပညာ၏ ပထမ နှစ်နှစ်ကို ပြီးဆုံးအောင် သင်ကြားနိုင်ခဲ့လျှင် ကျန်နှစ်နှစ်ကို ဆက်လက် သင်ကြားနိုင်မည့် အခွင့်အရေးများ ပိုမို များပြားလာနိုင်ကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဂျာမန် အစိုးရ၏ ကူညီမှုကြောင့် အဆိုပါ စီမံကိန်းအရ အကူအညီပေးသည့် ကျောင်းသား အရေအတွက်ကို တိုးချဲ့သွားနိုင်မည်ဖြစ်ပြီး အဆိုပါ ကျောင်းသားများ၏ ရည်မှန်းချက်ပန်းတိုင် ရောက်ရှိအောင် အကူအညီ ပေးသွားနိုင်ရန် အထောက်အကူပြုမည် ဖြစ်ကြောင်း ယူနီဆက်ဖ်၏ ရန်ကုန်ဌာနေကိုယ်စားလှယ် မစ္စကားရယ်လောင်းကပြောကြောင်း အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ကိုးကားဖော်ပြသည်။

အဆိုပါ ထောက်ပံ့ငွေကြေးကို မြန်မာနိုင်ငံ တစ်ဝန်းရှိ မြို့နယ် ၆၁ မြို့နယ်မှ မူလတန်းကျောင်း ၆,၈၀၀ ရှိကျောင်းသားများ အတွက် ပညာ သင်ကြားရန် အထောက်အကူပစ္စည်းများနှင့် ကျောင်းဆရာ၊ ဆရာမများအား သင်တန်းပို့ချရာတွင်အသုံးပြုသွားမည် ဖြစ်ကြောင်း ယူနီဆက်ဖ် ရန်ကုန်ရုံး၏ပြောရေးဆိုခွင့်ရှိသူ မစ္စတာဂျေဆန်ရတ်ရှ်ကပြောသည်။

အဆိုပါ ထောက်ပံ့ငွေကို လာမည့် ဘဏ္ဍာရေးနှစ်မှ စတင်ကာ နှစ်နှစ်အတွင်း သုံးစွဲသွားမည် ဖြစ်ကြောင်း ၎င်းကပြောသည်။

**သက်နိုင်**